စစ်ကိုင်းတိုင်းဒေသကြီး၊ယင်းမာပင်ခရိုင်

ဆားလင်းကြီးမြို့နယ်၊အိုမကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေး စီမံချက် (VDP) (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အိုမကျေးရွာ၊ ဆားလင်းကြီးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

အိုမကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဆားလင်းကြီးမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၇

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကိုယ်းကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကတ္တာအသိုးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကတ္တာ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်မွှမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဇ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၂

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်

ကျေးလာ ရိုက်ဆက်မှုများ ၁၃

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၄

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကယ္ကွာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချကိုအုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) တတိယကိန်နှင့် ဒွေကြေးဆိုင်ရာ အစီအစဉ် ၂၀

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ဝန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၂

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ဝန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ဒွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြိုးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၃

(က) ကြိုးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

အိုမကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဦးစားပေးစီမံချကိစာရင်း ၂၆

အိုမကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ကော်မတီစာရင်း ၂၇

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၈

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား ၇ ဈေးဝယ်ခြင်းမရှိတဲ့ တစ်ဝန်းလျှင်အနည်းဆုံးနှစ်နပ်စားနိုင်မည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ဓံဂရိုဒ်သည့် အုပ်စု

(၂) ကယ္ကွာအသိုးသိုး၏လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းစနစ်

ဇယား ၁၅ အစိုးသိုးနှံများနှင့် အထွက်နှုန်း

ယေား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ယေား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ယေား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ယေား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ယေား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ယေား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ယေား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ယေား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ယေား ၂၄ ရွှေပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ
ယေား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
ယေား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ယေား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ယေား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ယေား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ယေား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်စာတတ်မြောက်မှုနှုန်း
ယေား ၃၁ ကျောင်းတတ်နှုန်း
ယေား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ယေား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ယေား ၃၄ အဖြစ်များသော ရောဂါများ
ယေား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုန်း
ယေား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ယေား ၃၇ သောက်သုံးရေ ရရှိမှု
ယေား ၃၈ အိမ်သာအမျိုးအစား
ယေား ၃၉ ကျား၊မရေးရာ ကိစ္စရပ်ဆိုင်ရာ
ယေား ၄၀ ကျေးရွာ၏ လမ်း တည်ရှိမှု အခြေအနေ
ယေား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ယေား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ယေား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ယေား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ယေား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ယေား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ယေား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ယေား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၅

ယေား ၄၉ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ အိုမကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ကဲ့သို့သော ကိန်းဂဏာန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏာန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အိုမကျေးရွာ

ဆားလင်းကြီးမြို့နယ်

ရွာရည်အုပ်စု၊အိုမကျေးရွာ၏ ကျေးရွာ သံယံဇာတပြ မြေပုံ



ရည်ရွယ်ချက်

ဆားလင်းကြီးမြို့နယ် ရွာရည်အုပ်စု၊အိုမကျေးရွာ၌ ပြုလုပ်ကြသောကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ် တွင် ကျေးရွာသူ /ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း ဆောင်ရွက်ခြင်းမှ ရယူသည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများ ကိုသိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်

ငင်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ငင်းတို့၏ သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ငင်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီ များကို အခြေခံကာဦးစားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

အိုမကျေးရွာသည် ချင်းတွင်းမြစ်၏ အနောက်ဘက် ညောင်ပင်ကြီး၊ဆားလင်းကြီး ကားလမ်းမကြီး၏ အရှေ့ဘက် သုံးဖာလုံခန့်တွင် တည်ရှိပါသည်။ရာသီဥတု အနေဖြင့် ပူအိုက်စိုစွတ်မှု ရှိပါသည်။မြေပြန့်ပိုင်းတွင် တည်ရှိပြီး နှစ်စဉ်ရေလွှမ်းမိုးခြင်းကို ခံနေရသော ကျေးရွာ ဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

အိုမကျေးရွာ၏ သဘာဝပေါက်ပင်များမှာ ရှားနှင့်မန်ကျည်း စသောအပင်များ ပေါက်ရောက်သည်။ကျေးရွာ၏ အနောက်ဘက်၊တောင်ဘက်နှင့်မြောက်ဘက်တို့တွင်ယာမြေများအသင့်အတင့်ရှိပြီး ကျေးရွာမှ ပိုင်ဆိုင်မှု မရှိပေ။ ရွာ၏အရှေ့ဘက်တွင် ချင်းတွင်းမြစ်တည်ရှိပြီးရေလမ်းခရီးသွားလာရ လွယ်ကူသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က)လူဦးရေဆိုင်ရာအချက်လက်များ

အိုမကျေးရွာတွင် အိမ်ထောင်စု (၅၅)စု ရှိပြီး ကျား(၁၂၃)ဦး၊မ(၁၄၉)ဦး နေထိုင်ကြသည်။ တစ်အိမ်လျှင် ပျမ်းမျှ(၄)ဦးနှုန်း နေထိုင်ကြပြီး ဗမာလူမျိုးများဖြစ်ကြသည်။အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုမိုများပြားကြောင်း တွေ့ရပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အိုမကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ အရောင်းအဝယ်လုပ်ငန်းဖြစ်သည်။ ကျေးရွာတွင် ကျပန်းအလုပ်သမားများသည် သင့်တင့်သောနေ့စားလုပ်ခကိုရရှိကြပြီး တစ်ရွာလုံး၏ဝင်ငွေအနေ အထားမှာ သာမန်အားဖြင့် လျော့နည်းသည်။

ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင်အိမ်ထောင်စုအားလုံး၏ ၈၇%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်များ ဖြစ်ကြပြီး (၄)%သည်ချမ်းသာသည့် အဆင့်၊ (၉)%သည်အလယ်အလတ်အဆင့် ရှိကြသည်ဟုသတ်မှတ်ကြသည်။ ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး လက်လုပ်လက်စား၊ အရောင်းအဝယ်နှင့်မြေယာမဲ့အိမ်ထောင်စု များဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

အိုမကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများသာရှိသောကြောင့်ခေါင်းရွက်ဖျက်ထိုးလုပ်ငန်းများ၊ ကျပန်းလုပ်ငန်းနှင့်ကူလီလုပ်ငန်းများလုပ်ကိုင်ကြသည်။ကျေးရွာတွင်အလွန်ဆင်းရဲသောအိမ်ထောင် စု များ ပြားပြီး ဝမ်းစာဖူလုံမှု နည်းပါးကြသည်။တနှစ်စာဝမ်းစာဖူလုံပြီး သူတပါးထံမှ မရေးမငှားပဲ စားသုံး နိုင်သော အိမ်ထောင်စုမှာအနည်းငယ်သာရှိကြောင်းတွေ့ရှိရသည်။

ကျေးရွာတွင်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမရှိပါ၊ မြေယာမဲ့အိမ်ထောင်စုများ၏ အဓိကဝင်ငွေရ လုပ်ငန်းမှာကျပန်းနေ့ စားလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ခြင်းဖြစ်သည်။ကျေးရွာ၏ ဝမ်းစာရလုံမှုစစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု(က)အဆင့်နှင့် (ဃ) အဆင့်မှ ၃၀% ကိုတွေ့ဆုံမေးခြန်းပြီးစစ်တမ်းကောက်ယူပါသည်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုမရှိကြပဲ တနေ့လုပ်အားစတနေ့စားခြင်းဖြင့် ကျပန်းလုပ်ကာ မိသားစုစား၀တ်နေရေးဖြေရှင်းကြရပါသည်။

(ဃ) ကျွန်းမာရေးနှင့် အာဟာရ

ကျေးရွာသူ/သားများသည် အများအားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါသည်။ နှစ်စဉ်မိုးရာသီတွင်ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီးလူငယ်/လူကြီးများတွင် မိုးရာသီတုပ်ကွေး ရောဂါကူးစက် ခံရလေ့ရှိသည်။ ကျေးရွာသူ/သားများသည် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသူ/သားများ အနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာနှင့်(၂)မိုင်ခန့် ကွာဝေးသော ချင်းတွင်းမြစ်၏အရှေ့ဘက်ကမ်းသို့လည်းကောင်း၊(စ)မိုင်ခန့်ကွာဝေးသော ကြေးနီ နိုင်းဆေးရုံသို့လည်းသွားရောက်ကုသနိုင်ပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

အိုမကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့် ကောင်းမွန်မှုရှိကြောင်း တွေ့ရှိရပါသည်။ဘွဲ့ရပညာတတ်အသင့်တင့်များပြားသည်။တက္ကသိုလ်များတွင် ပညာသင်ကြားနေသော ကျောင်းသားများလည်း ရှိပါသည်။ ကျေးရွာတွင်စာသင်ကျောင်း မရှိသောကြောင့် ရွာမှ(၂)မာလုံခန့်ကွာဝေးသော ထန်းတောကျေးရွာသို့သွားရောက် သင်ကြား ကြရသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်း မမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျားမ ဆိုင်ရာ ဆက်နွယ်မှု

အိုမကျေးရွာတွင် ကျားမရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း မတွေ့ရပါ။ကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အလမ်းတူညီစွာရှိကြသည်။ကျေးရွာတွင် နေ့တွက်လုပ်အားခငွေမှာ အမျိုးသားများကဝိုမိုရရှိကြသည်။

(ဌ) ကမ္ဘာအသိုးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ် ပညာရေးထိ ကျားမတန်းတူအခွင့်အရေးရှိပါသည်။ သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်

ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

အိုမကျေးရွာတွင် ကျန်းမာရေးနှင့်လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့နှင့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့ရှိသည်။ အဖွဲ့အသီးသီး၏ လုပ်ကိုင်ဆောင်ရွက်နေမှုသည် အချင်းချင်းချိတ်ဆက်ဆောင်ရွက်မှုနည်းသည်မှအပကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစံနစ်သည် ကောင်းမွန်သည့် အနေအထားတွင် ရှိပါသည်။

(ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အိုမကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်းဖြစ်သော စက်ချုပ်ခြင်းလုပ်ငန်းအနည်းငယ်ရှိသည်။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားကျပန်းအလုပ်များ၊ ခေါင်းရွက်ဗျတ်ထိုး လုပ်ငန်းများ၊ အရောင်းအဝယ် လုပ်ငန်းများလုပ်ကိုင် ကြသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ များပြားပြီးအလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း ကြောင့် ကျပန်းအလုပ်များသာ လုပ်ကိုင်ရခြင်းကြောင့် တွက်ချေကိုက်မှုနည်းပါးပါသည်။

(ဂ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

အိုမကျေးရွာတွင် မြေလွတ်နည်းပါးခြင်းကြောင့် ကျေးရွာတွင်းအမှိုက်များအား မြစ်ကမ်း ဘေးတွင် အလွယ်တကူစွန့်ပစ်နေခြင်းကြောင့်ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည်။ ကုန်းတွင်းဒေသဖြစ်သောကြောင့် မုန်တိုင်းဖြစ်ပွားမှုမရှိပဲ ရေကြီးသည့်နှစ်များတွင်သာ မြစ်ရေ လွှမ်းမိုးမှုရှိပါသည်။ချင်းတွင်းမြစ်ရေကြီးမှုကြောင့်ရေလွှမ်းမိုးမှုသည် သဘာဝအန္တရာယ် တစ်ရပ် အဖြစ် ရှိနေဆဲဖြစ်သည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

အိုမကျေးရွာတွင် ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင် မှုများ မရရှိပါ။

(c) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အိုမကျေးရွာတွင်စာသင်ကျောင်းမရှိသောကြောင့်အခြားရွာသို့သွားရောက်စာသင်ကြားကြ ရပါသည်။ ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့်ကျန်းမာရေးကိစ္စပေါ်ပေါက်လာပါကနီးစပ်ရာ ဆေးရုံ/ဆေးခန်းများသို့ သွားရောက်ကုသကြရပါသည်။သောက်သုံးရေအတွက် လက်နှိပ်တုံကင်နှင့် မြစ်ရေကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ အသုံးပြုပြီး တောထိုင်အိမ်ထောင်စု များလည်းရှိကြသည်။ကျေးရွာမှအချို့ အိမ်ထောင်စုများသည် ပလပ်စတစ်အမှိုက်များ အညစ်အကြေး စနစ်တကျစွန့်ပစ်မှုမရှိသေးပါ။

(စ) အခြေခံအဆောက်အဦများဆောက်လုပ်ခြင်းမှု (လမ်း၊ တံတား၊ လျှပ်စစ်မှုလမ်းဆောင်၊ သတင်းနှင့် ဆက်သွယ်ရေး)

အိုမကျေးရွာသည် ၂၀၁၇ခုနှစ်က ပေါ့ဖြာအရှည်ရှိ ကျင်းလမ်းကို ကျေးလက်ဦးစီးဌာနက ခင်းပေးခဲ့သည်။ကျေးရွာတွင်း လမ်းများမှာ ကျေးလက်ဦးစီးဌာန၏ အကူအညီဖြင့် မြေသားပေါ်တွင် ကျင်းအနည်းငယ် ဖြန့်ဖြူးနိုင်ခဲ့သည်။ကျေးရွာတွင် လျှပ်စစ်မီးကို (၃.၂.၂၀၁၅)ခုနှစ်တွင် သောင်မြင်ဌာ ထွန်းလင်းနိုင်ခဲ့ပြီး ဆက်သွယ်ရေးတာဝါတိုင်များနှင့် အလှမ်းကွာဝေးမှု မရှိသောကြောင့် မိုဘိုင်းဖုန်းများကို အသုံးပြုကာ သတင်းအချက်အလက်ရရှိနိုင်ပါသည်။

(ဈ) ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး

အိုမကျေးရွာတွင် ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ပို့ဆောင်ရေး၊ကူးသန်းရောင်းဝယ်ရေးများကိုအဆင်ပြေစေသည်။ကျေးရွာတွင်သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ရွာသားများအနေဖြင့် ရဲစခန်းသို့ အလွယ်တကူ သွားရောက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်း မရှိသလောက်ပင်ဖြစ်သည်။

(ဉ) ကျေးရွာမှုံဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က)မှုံဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

အိုမကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်သဖြင့် လျှပ်စစ်မီးဖြင့် ထမင်းဟင်းများ ချက်ပြုတ်နိုင်ခြင်း၊ကျောင်းသူ/သားများအတွက် စာဖတ်ရာတွင် အထောက်အကူဖြစ်ပြီးလူနေမှုအဆင့်အတန်းမြင့်မားလာပါသည်။ကျေးရွာတွင်မွေးမြူရေးထွက်ကုန် ရောင်းချရန်ဈေးကွက်ကောင်းရှိသဖြင့်အသားစားကြက်နှင့်ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်း များ၊အလားအလာကောင်းများရှိပါသည်။ကျေးရွာ၏ မလှမ်းမကမ်းပတ်ဝန်းကျင်တွင် စားသောက်ဆိုင်များရှိခြင်း၊ဈေးရှိခြင်းတို့ကြောင့် ရာသီမရွေးသွားလာနိုင်သော အခိုင်အမာလမ်းရှိသောကြောင့် သွားရောက်၍ မနက်ခင်းဈေးအရောင်းအဝယ်များ ပြုလုပ်နိုင်မည်ဖြစ်သည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

အိုမကျေးရွာအတွင်းရှိ ဝင်ငွေရလုပ်သားများမှာ နေ့စားလုပ်သားများ၊ဈေးသည်များသာ ရှိခြင်းကြောင့် ဝင်ငွေနည်းပါသည်။နှစ်စဉ်ရေလွှမ်းမိုးခြင်းကြောင့် ကျေးရွာ၏ကမ်းနားလမ်းမှာ ပျက်စီးမှုများပြားသောကြောင့်ဈေးသည်များပတ်ဝန်းကျင်ကျေးရွာများသို့ အလွယ်တကူသွားရောက် မရောင်းချနိုင်ခြင်း၊နေ့စား အလုပ်သမားများအနေဖြင့်လည်း ရေလွှမ်းမိုးနေသဖြင့်မြို့ပေါ်သို့သွား ရောက်ပြီး အလုပ်မလုပ်နိုင်ခြင်းတို့သည် ကျေးရွာမှုံဖြိုးတိုးတက်ရန် အခက်အခဲဖြစ်သည်။

(ဌ) ကျေးရွာ မှုံဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ အိုမကျေးရွာ၏ မှုံဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာယေဘုယျအားဖြင့် လူမှုစီးပွားဘဝ မှုံဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်းဆင်းအဖွဲ့ဖြင့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ ကြသော အခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့်နည်းဗျူဟာများကိုဆွေးနွေးဖော်ထုတ် ခဲ့ကြပါ သည်။

(က) ရည်မှန်းချက် ပန်းတိုင်

အိုမကျေးရွာတွင် ရေထိန်း၊မြေထိန်းနံရံများ ဆောင်ရွက်ခြင်းဖြင့် မြစ်ကမ်းပါးပြိုပျက်မှုမှ ကာကွယ်နိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်နိုင်ရမည်။ ကျေးရွာတွင် ရေသန့်စက်များထားရှိခြင်းဖြင့် ကျေးရွာပြည်သူလူထုကို ဝမ်းပျက်ဝမ်းလျှောရောဂါမှ ကာကွယ်နိုင်ရမည်။

(ခ) နည်းဗျူဟာ

အိုမကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရန် ကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာဌာနသို့ တင်ပြတောင်းခံမည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် ကြိုးစား အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အိုမကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် မွေးမြူရေးနှင့် အခြား ဝင်ငွေရ လုပ်ငန်းများ အတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

အိုမကျေးရွာ၏ လိုအပ်ချက်များမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက်ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာလွယ်ရှိသောဝန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက်လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက်စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့်ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေ အစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

(ဃ)ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(၉) ကတ္တာနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကတ္တာနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကတ္တာကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကတ္တာအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကတ္တာ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ဌားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(က) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာ သူ/သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံကိန်းအကြောင်းအရာ ဖော်ပြချက်	မှတ်ချက်
စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု	**စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုတိုးတက်ရေးစီမံကိန်း** ၁။ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်			လက်ရှိအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုစွမ်းဆောင်ရည်များကိုတည်ဆောက်မည်၊ အသက်မွေးဝမ်းကျောင်းအဖွဲ့၊ စီးပွားရေးအဖွဲ့များဖွဲ့စည်းနိုင်ရေး ကူညီဆောင်ရွက်မည်။ အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက်မြို့နယ်နှင့်ပြင်ပအထောက်အပံ့များရရှိအောင်ဆောင်ရွက်မည်။	**ကျေးလက်ဦးစီး**
စိုက်ပျိုးရေး	**စိုက်ပျိုးရေး သီးနှံတိုးတက်ထုတ်လုပ်ရေးစီမံကိန်း** ၂။သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း			စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍သီးနှံရောဂါကာကွယ်နှိမ်နင်းနည်း၊မျိုးကောင်းမျိုးသန့်များရရှိရေးစသည့်နည်းပညာဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။တောင်သူလယ်သမားအဖွဲ့ဖွဲ့စည်းပြီးအောက်ပါလုပ်ငန်းများကို ဆောင် ရွက်မည်။ (က)ကုလားပဲမျိုးကောင်းများရရှိအောင်ဆောင်ရွက်ခြင်း (ခ)သီးလှည့်စိုက်ပျိုးရေးနည်းပညာများရရှိအောင်ဆောင်ရွက်ခြင်း (ဂ)သဘာဝမြေသြဇာများကိုပိုမိုသုံးနိုင်ရေးနှင့်နည်းပညာများရရှိအောင်ဆောင်ရွက်ခြင်း စသောအစီအစဉ်များပါဝင်မည်ဖြစ်သည်။	**စိုက်ပျိုးရေး**
မွေးမြူရေး	**စီးပွားဖြစ်တိရစ္ဆာန်မွေးမြူ ရေးလုပ်ငန်းများတိုးတက်ရေးစီမံကိန်း** ၃။ရောဂါကာကွယ်ရေးအတွက်မွေးကုဦးစီးဌာနနှင့်ပူးပေါင်း၍ ကာကွယ်ဆေးပုံမှန်ထိုးနှံခြင်း ၄။ဥစားကြက်၊အသားစားကြက်များတိုးချဲ့မွေးမြူခြင်း			နွား၊သိုး၊ဆိတ်များတိုးချဲ့မွေးမြူနိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများလက်လှမ်းမီရေးဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။ ရောဂါကာကွယ်ဆေးများစုပေါင်းထိုးနှံခြင်း၊မွေးမြူရေးကုမ္ပဏီများနှင့်ချိတ်ဆက်၍ဥစားကြက်၊အသားစားကြက်မွေးမြူခြင်းများဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။	**မွေးကုဦးစီးဌာန**

နိုင်ငံခြားရောက်ရှိ ရောဂါပိုးထောစင်ရွေ့ရှားလုပ်ငန်းများ	**အသေးစားနှင့်အလတ်စားစက်ရုံလယ်ယာနှင့် များထိုးတင်အောင် ဆောင်ရွက်ခြင်း စီမံပေးနိုင်း** ၅၂။ပြည်ပတိုင်းဒေသကြီးတိုင်းပြည်များတ ည်ဆောင် ခြင်း ၆။သင်္ဘောယာဉ်လုပ်ငန်းခြင်းလုပ်ငန်းများတိုးချဲ့နိုင်ရန် ဆောင်ရွက်ခြင်း	ကျွမ်းကျင်မှုနှင့်အသေးစားလုပ်ငန်းများအတွက်အသေးစားနှင့်အလတ်စားစက်ရုံလယ်ယာနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနများနှင့်ဆွေးနွေးတိုင်ပင်ပြီး အဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ • ဝန်ဆောင်မှုလုပ်ငန်းများ (ပို့ဆောင်ရေးစက်ပြင်းသည်) • ကုန်ချောထုတ်လုပ်မှုအတတ်ပညာများ	
အထည်နှင့်အဆင်ရောကြောရေးလုပ်ငန်းများ	**ဆွေးကြေးဝန်ဆောင်မှု အဖွဲ့အစည်းတိုးတက်ရေးစီမံပေးနိုင်း** ၇။ဆွေးကြေးဝန်ဆောင်မှု ပေးလုပ်ခြင်းအဖွဲ့အစည်းတိုးတက်အောင်ဆောင်ရွက်ခြင်း	စီးပွားရေးစနစ်တစ်ခုလုံးနှင့်အလုပ်သမားဆိုင်ရာဆက်ဆံရေးအတွက် ကောင်းမွန်သော ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ပဋိပက္ခများမြင့်တင်ခြင်း၊ ကျော်ရွာအခွံ့ဖြည်းများကိုယ်တိုင် စီမံခန့်ခွဲနိုင်သောဒေသစွေးဆွေးနွေးစနစ်တည်ဆောင်ခြင်းဆွေးကြေး ဝန်ဆောင်မှုပေးသောအဖွဲ့အစည်းများဖွဲ့ဖြိုးအောင်ဆောင်ရွက် ခြင်း ဟုပါဝင်ပါသည်။	
ကျန်အာရုံး	**ကျေးလက်ကျန်းမာရေးဝန်ဆောင်မှုများ အဖွဲ့အစည်းတိုးတက်ရေးစီမံပေးနိုင်း** ၈။ကျေးလက်ဆေးပေးခန်းတွင်လျှပ်စစ်မီးရရှိ အောင်ဆောင်ရွက်ခြင်း ၉။ကျေးလက်ကျန်းမာရေးပညာပေးအစီအစဉ် များနှင့်ဝန် ဆောင်မှုများရှိ အောင်ဆောင်ရွက်ခြင်း ၁၀။ကျေးလက်ယင်ပုံအိမ်သာအိမ်တိုင်းစေ သုံးစွဲ ရေးဆောင်ရွက်ခြင်း	ကျေးလက်ဦးစီးဌာနသို့တင်ပြ၍ ကျေးလက်ယင်ပုံအိမ်သာရရှိရေး ဆောင်ရွက်မည်။ ကျေးလက်ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ကျေးရွာအထူးတိုးတက်ရေး မာရေးပညာပေးအစီအစဉ်များရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးနှုန်းခြင်းအစီအစဉ်များရရှိအောင်ဆောင်ရွက်မည်	ကျန်းမာရေးဌာန
ပညာရေး	**ကျေးရွာပညာရေးကဏ္ဍအဖွဲ့အစည်းတိုးတက်ရေးစီမံပေးနိုင်း** ၁၁။ကျောင်းသုံးပရိဘောဂပြည့်ဆည်းပေးခြင်း (၅ နှစ်)	ကျေးရွာပညာရေးကော်မတီ၌ စည်းပြုံးပညာရေးဌာနသို့တင်ပြ၍ အောက်ပါလုပ်ငန်းများဆောင်ရွက်မည်။ ကျေးရွာပညာရေးကော်မတီကို၌ စည်းချုပ်ကျေးရွာအဝယ်တန်း ကျောင်းတွင်လိုအပ်နေသောပရိဘောဂများရရှိနိုင်ရန်ဖြည့်နယ်ညာ	

				ရေးဌာနနှင့်ချိတ်ဆက်၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။	
ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား	**လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ** ၁၂။စက်ယန္တရားမောင်းသင်တန်း၊အီလက်ထရောနစ်ပြုပြင်သင်တန်း၊လျှပ်စစ်စက်ကရိယာပြုပြင်ခြင်းသင်တန်းများလူငယ်များရရှိအောင်ဆောင်ရွက်ခြင်း			စိတ်ဝင်စားသောလူငယ်များနှင့်ရပ်မိရပ်ဖများပူးပေါင်းပြီးနွေရာသီ ယဉ်ကျေးမှု သင်တန်းဖွင့်လှစ်ရန်ဆောင်ရွက်မည်။ စာကြည့်တိုက်ထိန်းသိမ်းရေးကော်မတီကိုဖွဲ့စည်း၍ မြို့နယ်ပြန်ဆက်ဌာနနှင့်ဆက်သွယ်ပြီးစာကြည့်တိုက် နှင့် စာအုပ်များရရှိဆောင်ရွက်မည်။ အသက်မွေးဝမ်းကျောင်းမှု သင်တန်းပေးသော အဖွဲ့အစည်းများနှင့်ဆက်သွယ် ဆောင်ရွက်ပြီး လူငယ်များအတွက်အောက်ပါအတတ်ပညာများရရှိအောင်ဆောင်ရွက်မည်။	
ကျေးရွာအဆောက်အအုံ	**ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း** ၁၃။ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း၊ကျောက်စရစ်ခင်းခြင်း ၁၄။ကျေးရွာခြင်းဆက်လမ်းများပြုပြင်ခြင်း၊ကျောက်စရစ်ခင်းခြင်း ၁၅။စာကြည့်တိုက်ပြုပြင်တည်ဆောက်ခြင်း			ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်မြို့နယ်ကျေးလက်ဦးစီးဌာန နှင့်ဆက်သွယ်၍ဆက်သွယ်တင်ပြဆောင်ရွက်မည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီသည်ရန်ပုံငွေနှင့်ဆောက်လုပ်ရေးလုပ်ငန်းနည်းပညာအထောက်အပံ့ရရှိနိုင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်။	**ကျေးလက်ဦးစီး**

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာမဲ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စီမံကိန်း	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁။ ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း	၁	——				
၂။ ရေထိန်းနံရံကာရံခြင်း	၂	——				
၃။ ယင်လုံအိမ်သာ ဆောက်လုပ်ခြင်း	၃	——	——	——		
၄။ ရွာချင်းဆက်လမ်းဂျင်းခင်းခြင်း	၄	——	——			
၅။ သန့်ရှင်းသော သောက်သုံးရေရရှိရန်	၅	——				
၆။ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်	၆	——				
၇။စက်ယန္တရားမောင်းသင်တန်း၊အီလက်ထရွန်စံစက်ပြုပြင်သင်တန်း၊လျှပ်စစ်စက်ကိရိယာပြုပြင်ရေးသင်တန်းများလူငယ်များရရှိအောင်ဆောင် ရွက်ခြင်း	၇	——				
၈။ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း	၈	——				
၉။ကျေးရွာကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးစီမံကိန်း	၉	——				
၁၀။ကျေးရွာပညာရေး တိုးတက်ရန် ဆောင်ရွက်ခြင်း	၁၀	——				

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားရှင်းစာရာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်း					
၂	ရေထိန်းနံရံကာရံခြင်း					
၃	ယင်လုံအိမ်သာ ဆောက်လုပ်ခြင်း					
၄	ရွာချင်းဆက်လမ်းကျင်းခင်းခြင်း					
၅	သန့်ရှင်းသော သောက်သုံးရေရရှိရန်					
၆	ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်					
၇	စက်ယန္တရားမောင်းသင်တန်း၊ အီလက်ထရစ်စံကိုပြုပြင်သင်တန်း၊ လျှပ် စစ်စက် ကိရိယာပြုပြင်ရေး သင်တန်း များ လူငယ် များရရှိအောင်ဆောင် ရွက်ခြင်း					
၈	ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်း					
၉	ကျေးရွာကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးစီမံကိန်း					
၁၀	ကျေးရွာပညာရေး တိုးတက်ရန် ဆောင်ရွက်ခြင်း					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည် ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစည်းမှုခိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန် ဦးဆောင်ပါမည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန် ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက

တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

အိမကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွဲ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊

- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

စစ်ကိုင်တိုင်းဒေသကြီး၊ဆားလင်းကြီးမြို့နယ်၊ရွာရှည်ကျေးရွာအုပ်စု၊အိုမကျေးရွာ၏

ကျေးရွာပို့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်စာရင်း

စဉ်	စီမံချက်	အကဲဖြတ်အမှတ်ပေးသူ	အကဲဖြတ်အမှတ်ပေးသူ	အကဲဖြတ်အမှတ်ပေးသူ	အကဲဖြတ်အမှတ်ပေးသူ	အကဲဖြတ်အမှတ်ပေးသူ	ရမှတ်ပေါင်း	ဦးစားပေးအဆင့်
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)
၁	ရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	ရေထိန်းနံရံကာရံခြင်း	၉	၁၀	၁၀	၁၀	၁၀	၄၉	၂
၃	ယင်လုံအိမ်သာဆောက်လုပ်ခြင်း	၉	၉	၁၀	၁၀	၁၀	၄၈	၃
၄	ရွာချင်းဆက်လမ်းကျင်းခင်းခြင်း	၉	၈	၁၀	၉	၁၀	၄၆	၄
၅	သန့်ရှင်းသောသောက်သုံးရေရရှိရန်	၈	၉	၉	၁၀	၉	၄၅	၅

ရွာရှည်ကျေးရွာအုပ်စု၊အိုမကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်ထွန်း	ဦးအေးမောင်	၅/ဆလက(နိုင်) ၀၂၅၃၁၅	၄၈	ဥက္ကဋ္ဌ	၀၉-၉၆၇၀၀၃၅၁၀
၂	ဦးဇော်လင်း	ဦးဗိုလ်အောင်	၅/ဆလက(နိုင်) ၀၄၅၈၇၀	၄၈	အတွင်းရေးမှူး	၀၉-
